# ထို့ကြောင့်....

@ အရောင်မဲ့



“ မျိုသိပ်ခြင်းတွေမှာ ရောင့်ရဲဖို့
ငါဘယ်လောက် ငိုခဲ့ရတယ်ထင်လဲ ”

# နိဒါန်း

(၃.၆.၂၀၁၃)

ခွင့်ပြုန်ရတော့မည် ဆိုတဲ့ သတင်းကြား လိုက်သည် နှင့် ကျွန်တော့် အတွေးက အသာဆီသာ ဝဲလွင့်စုံဆန် သွားလေတော့သည် ။

'အသာ ... '

ငယ်ငယ်လေးထဲက ရင်မှ မှန်းမျှော်၍ တမ်းတမ်းတတ ခေါ်ခဲ့ဖူးသော အမည်လေးတစ်ခု။ မှန်းမျှော် ရပါသည် ။ ခုထိလည်း မျှော်မှန်းနေရပါသည် ။ ၆နှစ်တိတိ မျိုသိပ်ခဲ့ရတဲ့ ကျွန်တော်တို့ ကြားက သံယောဇဉ်အား အချစ်လို့ ခေါင်းစဉ်တပ်မည့် သူ့ဖွင့်ဟ ဝန်ခံချက်ကို ကျွန်တော် ခုချိန်ထိ မျှော်လင့် နေခဲ့ပါသည် ။

အချစ်စစ် မည်သည် ဖြောင့်ဖြူး သာယာခြင်း မရှိဆိုသည့် စကားက သိပ်မှန်သည် ။ ကျွန်တော်တို့ နှစ်ယောက်ကြားတွင် ကြည်နူးချိန်များ ရှိခဲ့သလို၊ ဝမ်းနည်း ငိုကြွေးချိန်များ လည်း ရှိခဲ့သည် ။ အေးစက်သော ညများ တွင် စောင်တစ်ထည်ကို နှစ်ယောက်အတူ ခြုံခဲ့ဖူးသလို၊ တစ်ယောက် အိပ်မက်ကို တစ်ယောက် အပြန်အလှန် ပြောဆိုခဲ့ ဖူးကြသည် ။ တစ်ယောက် ဝမ်းနည်းလျှင် တစ်ယောက် နှစ်သိမ့်၍ တစ်ယောက် ပျော်ရွှင်လျှင် တစ်ယောက် ကြည်နူးခဲ့ရသည် ။ တစ်ယောက် ပခုံးကို တစ်ယောက်မှီရင်း တစ်ယောက် အကြိုက်ကို တစ်ယောက် လိုက်ခဲ့ဖူးသည် ။ တစ်

ယောက်နှင့် တစ်ယောက် မသိမသာ အနမ်းခြင်း ဖလှယ်ခဲ့ဖူးကြ သလို၊ တစ်ယောက်နှင့် တစ်ယောက် စိတ်ဆိုးစိတ်ကောက် ခဲ့ဖူးကြသည် ။

သို့သော် ကျွန်တော်တို့ နှစ်ယောက်ကြားက သူငယ်ချင်းဆိုသည့် စည်းကို ခုချိန်ထိ မကျော်ခဲ့ကြ။ စကားဖြင့် ကျော်ဖို့ ရန်ပင် အခြေအနေ မပေးသည့် အတွက်လည်း ဖြစ်ပါသည် ။

ကျွန်တော်သူ့ကို ပြောခဲ့ဖူးသည် 'ကိုယ်ချစ်ရသူကို ရင်ထဲမှာ တိတ်တိတ်လေးပဲ ချစ်တာက ဘယ်သူမှ ခိုးယူမရလို့ အပြင်မှာ ချစ်ရတာထပ် ပိုလုံခြုံတယ်'တဲ့ ။ ဒါပေမဲ့ ကျွန်တော်တို့ ဖြနှစ်တိတိ မျိုသိပ် ခဲ့ပြီးပြီလေ။ တစ်နှစ်မှ တစ်ခါဆုံရန်ပင် အနိုင်နိုင် ဖြစ်နေသော ကျွန်တော်တို့ နှစ်ယောက်၏ တွေ့ဆုံမှုကြား ဒီတစ်ကြိမ် ခွင့်ပြန်ချိန်တွင် တော့ သူမပြောလျှင်တောင် ကျွန်တော့်ဘက်က ဖွင့်ပြောမည်ဟု စိတ်ကူး၏။

"ဗိုလ်ကြီး အမ်အိုရပြီ ..."

အလျှင်စလိုပင် ကျွန်တော် အမ်အိုကို လှမ်းယူ လိုက်ပြီးနောက် ဂျူနီယာညီလေး တစ်ယောက်နှင့် လွိုင်ကော်သို့သွားရာ အန်စာတုံး အိတ်စပရက် ကားဂိတ်သို့ လိုက်ပို့ခိုင်းရသည် ။ မနက်၇နာရီ ကားဖြင့် လွိုင်ကော်တက်နိုင်မှ ညနေ၃နာရီ ရန်ကုန်ကားကို မီနိုင်မည်။ နောက်မို့ဆို လွိုင်ကော်တွင် တစ်ညအချိန် ပုပ်ပေရမည်။

ကျွန်တော် တာဝန်ကျရာ မြို့လေးသည် ကယားပြည်နယ်ရှိ နယ်စပ်မြို့လေးတစ်မြို့ ဖြစ်ပါသည် ။ ဒီမြို့နာမည်ကို အသာအား စပြောတုန်းကဆို အသာသည် 'ဩော်'ဟု သာ ပြောနိုင်ရှာသည် ။ တကယ်တော့ ထိုမြို့ကို မြေပုံပေါ်တွင် ရှိနိုင်လောက်သည် ဟု အသာသည် ထင်မှတ်ထားမည် မဟုတ်ပါ။ စည်ကားသည့် မြို့တစ်မြို့ မဟုတ်သလို မြို့နယ်ဟု အမည်ခံထားသော ရွာမြို့လေး တစ်မြို့သာ ဖြစ်ပါသည် ။

ပြန်ဆုံတွေ့ရမည်ဟု ကျွန်တော့်ခမျာ ရင်ခုန် နေသော်လည်း အသာ အား ဖုန်းဆက်ချိန်တွင် အသာသည် 'ဟုတ်လား'ဟူ၍ အံ့သြခြင်းကို မျှင်းမျှင်းမျှသာ ပြပါသည် ။ ယခင် ခွင့်ပြန်ချိန် များ လိုပင် သူက လာကြို မည်ဟု ပြောတော့ ကျွန်တော့် အတွေးထဲ လျှောက်လည်မည့် အစီအစဉ် များက အစီအရီ ပေါ်လာခဲ့ပြီး ဖြစ်သည် ။

အသာနှင့် ကျွန်တော်၏ ဆုံစည်းမှုသည် သိပ်တော့ စိတ်ကူးယဉ် မ ဆန်ပါ။ သာမန်ခင်မင် ခဲ့ရသော သူငယ်ချင်းများ လို တွေ့ဆုံ ခင်မင်ခြင်း နှင့်သာ စတင် ခဲ့ရပါသည် ။

***

## အခန်း-၁

(၁၁.၉.၂၀၀၇)

ညဦးသန်းချိန်တွင် ငှက်ဆိုးတွန်သံကို အိမ်မျက်စောင်း ထိုးမှ နေ၍ ကျွန်တော်ကြားလိုက် ရသည် နှင့် စိတ်ထဲအလိုလို လေးလံ လာမိသည် ။ အတိတ် နိမိတ်လေလား မဝေခွဲနိုင်ခဲ့။

ထိုနေ့က ကျွန်တော့် အိမ်သို့ ဂိုက်ဆရာမ အသစ်လာရောက် သင်ကြားပေးမည် ဖြစ်၍ စိတ်ထဲမွန်းကျပ် သလိုရှိကာ လူတစ်ကိုယ်လုံး ထုံထိုင်းသလို ဖြစ်နေသည် ။ အရင်က ဝိုင်းကျူရှင် တက်နေရာမှ ဂိုက် ခေါ် သင်ရမည့် ကျွန်တော့်၏ ပထမဆုံး အတွေ့အကြုံက နေသာထိုင် သာ မရှိလှ။ မေမေ့၏ အမိန့်ကို မလွန်ဆန်နိုင်သော ကျွန်တော်သည် ဧ

ည့်ခန်းရှိ လေးထောင့် စားပွဲလေးရှေ့တွင် ခပ်မှိုင်မှိုင်ထိုင်ရင်း ပြတင်းပေါက်မှ တစ်ဆင့် အလင်းပျောက်လုလု ကောင်းကင်ကြီးကို ငေးမောနေမိပါ၏။

ဧည့်ခန်းသည် သိပ်မကျယ်လှ။ ဧည့်ခံစားပွဲဝိုင်း၊ ကုလားထိုင် တို့ နှင့် အတူ ကျွန်တော့် စာကြည့်စားပွဲက ခန်းလုံးပြည့် နေရာယူထား၍ ပြည့်ကျပ် နေပေသည် ။ စာကြည့် စားပွဲဘေးတွင် နောက်စားပွဲ တစ်လုံးကိုလည်း ထောင့်မှန်ပုံစံ ခင်းကျင်း ထားသေးသည် ။ ထိုနေရာက နောက်ကျောင်းသား တစ်ယောက်အတွက် ဖြစ်၏။

သူ့နာမည်က သာကျော်ဖုန်း။

စာသင်ချိန် ပြည့်နေသော ဂိုက်ဆရာမက အချိန်ပြန်ညှိကာ နှစ်ယောက်ပေါင်း သင်ကြားပေးခြင်း ဖြစ်သည် ။ အဖော်သဘောဟု သတ်မှတ်၍ ရသလို ခပ်ဆိုးဆိုး ကောင်လေး တစ်ယောက်နှင့် မိတ်ဆွေဖြစ်ရမည် ဟူ၍ လည်း စိတ်ထဲ မတင်မကျ။ ကျွန်တော့်လို အေးအေးဆေးဆေး နေတတ်သူနှင့် သူ့လို ဂျစ်တီးဂျစ်ကန် ခပ်ဆိုးဆိုး သူက ဘယ်နည်းနဲ့ မှ မအပ်စပ်ဘူး မဟုတ်လား။

သာကျော်ဖုန်းကို ကျွန်တော် သိခဲ့သည် က ငါးတန်း ကတည်းက ဖြစ်သည် ။ ခင်မင် ရင်းနှီးသူများက နာမည်ပြောင် ခေါ်ကြသည် က ငသော။ သိရုံသာသိ၍ ခင်မင်ခြင်း မရှိ။ မျက်မှန်း တန်းမိကာ လူချင်း သိရုံမျှထက် ပိုရင်းနှီးခြင်း မရှိခဲ့။ အမည်နှင့်ရုပ်ရည် မလိုက်ဖက်သည့်သူ ရွေးပါဆို သူ့ကိုပထမဆုံး ပြရမည် ဖြစ်သည် ။

ဂင်တိုတို သူ့အရုပ်အမောင်းက ကျွန်တော့်အတွက် မျက်စိပသာဒ မရှိလှ။ အသားက ခပ်ညိုညိုရယ် အရုပ်နှင့် မလိုက်ဖက်သည့် ဆိုက်ကြီးဂိုက်ကြီး သူ့ဟန်ပန် အမူအရာက အစ ကျွန်တော့်မျက်စိထဲ ကန့်လန့်ပင်။

လူပုံစံက မော်ကြွားကြွားနှင့် ဖိုက်တာလိုလို နေရာတိုင်း ပါတတ်သည့် အနီလူသားရယ်ပါ။

ကျွိ ...

ဆိုင်ကယ် ဘရိတ်သံနှင့် အတူ ကျွန်တော့်အတွေးစ များကလည်း ပျောက်ကွယ်၍ သွားလေသည် ။ ခွီခနဲ ရယ်သံနှင့် အတူ အိမ်တံစက်မြိတ်သို့ လှမ်းတက်လာသော သူ့ခြေသံကို ကြားလိုက်ရသည် ။ စကားသံတချို့ကိုလည်း နောက်ဆက်တွဲ ကြားလိုက် ရသောကြောင့် သူက ဆရာမနှင့် ရယ်ရယ်မောမော စကားဆိုရင်း ဝင်လာခြင်း ဖြစ်မည်။

ဆရာမတို့ ရောက်လာသည် နှင့် မေမေက အိမ်ပေါ်ထပ်မှ ဆင်းလာကာ အအေးနှင့် အသီးများ ခင်းကျင်းကာ ဧည့်ခံလေသည် ။

"ရပါတယ် အစ်မရယ် နောက်ခါခုလိုတွေ မလုပ်ပေးပါနဲ့ အလုပ်ရှုပ်က ရှုပ်နဲ့ "

အားနာလျက် ရှိသော ဆရာမက မေမေ့ကို ထိုသို့ဧည့်မခံရန် တားမြစ်သည့် အခါ ကျွန်တော်က မော့ကြည့် လိုက်သည် နှင့် မရည်ရွယ်ပဲ သာကျော်ဖုန်းနှင့် အကြည့်ချင်းက ဆုံသည် ။ သူ့အကြည့်က ညို့ညို့မှိုင်းမှိုင်း။ ကျွန်တော့်ကို မလောက်လေး မလောက်စားနှယ် သဘောထားသည့် အကြည့်မျိုး။ သိပ်ဘဝင် မကျလှသော်လည်း အိမ်ရှင်ပီပီ ဧည့်ဝတ်ပျူငှာစွာ ပြုံးပြလိုက်သည် ။ သို့သော် အပြုံးတစ်ခု မဖြစ်သွားမှန်း ကျွန်တော်သာ သိလိမ့်ပေမည်။

"ရှုပိုင်ဦးက ကျောင်းမှာ စာတော်ပြီး အဆင့်ကောင်းတယ်လို့ သာသာက ပြောတယ် ဟုတ်လား"

ဆရာမခေါ်သည့် သာသာဆိုသည့် အဖျားဆွတ် အမည်သည် ကျွန်

တော့်ကို ရယ်ချင်စိတ်များ တဖွားဖွား ပေါက်လာစေ၏။ သို့သော်လည်း ခပ်ပြုံးပြုံးသာ ပြုံးပြရင်း ရယ်ချင်စိတ်ကို ထိန်းချုပ် လိုက်မိသည် ။

"သားတို့ က ခင်တာ ကြာပြီလားဟင်"

"ငါးတန်းထဲက အခန်းကပ်ရပ် ခုတော့ အခန်း မျက်နှာချင်းဆိုင် သူ ကဘီခန်း ကျွန်တော်က စီခန်း၊ ၇တန်းတုန်းက ဘင်ခရာလည်း တူတူပဲ တီချယ်"

ကျွန်တော် ဖြေမည်အလုပ် ဝင်ဖြေလိုက်သော သူ့ကို အရိပ်အကဲ ကြည့်ရင်း ဒုတိယအကြိမ် ထပ်ပြုံးပြ ဖြစ်သည် ။ သူကလည်း မခို့တရို့ ပြန်လည်ကာပြုံး၏။ သူ့အပြုံးက သူ့မျက်ဝန်းလို ညို့မှိုင်းမှိုင်းပင်။

ထိုနေ့က စာစသင်သည် နှင့် ခေါင်းမော့၍ ပင် သူ့ကို မကြည့်မိခဲ့ပဲ စာထဲသာ အာရုံစိုက် နေမိခဲ့၏။ သိရုံသာ သိသူတစ်ဦးနှင့် ခင်မင်မှုအစက ထိုမျှလောက်သာ။ အာလာပသလ္လာပပင် အပိုလုပ်မပြော ဖြစ်ခဲ့သလို နှစ်ကြိမ်တည်းသော အပြုံးဖြစ်သာ သူနှင့် ကျွန်တော့်ကြား ဆက်နွယ် ဖြစ်ခဲ့သည် ။

နှစ်နာရီအကြာ စာသင်ပြီးချိန်တွင် ဆရာမက time table ရေးဆွဲပေးပြီး သာကျော်ဖုန်းနှင့်အတူ ပြန်သွားသည် ။ အတွေးများက ပေါ့ပါးလန်းဆန်း သွားရသလို အမြဲဂျစ်ကျကျ နေတတ်သည့် သာကျော်ဖုန်းကို လည်း ဆရာဆရာမရှေ့ကျ ခယဝပ်တွား တတ်ပါလားဟု အကောင်း မြင်ပေးမိပါသည် ။

***

ကျောင်းရှေ့တွင် ဖယ်ရီ ရပ်လိုက်သည် နှင့် ဟိုးဘက်ရှိ ကျောင်းမုခ်ဦးဝကို ကြည့်ရင်း ဟင်းခနဲ သက်ပြင်းတစ်ချက် ချလိုက်သည် ။ ကျောင်းကမြို့ပေါ်တွင် အကြီးဆုံး ဖြစ်သလို ကျယ်လဲကျယ်သည် ။

စံပြကျောင်း ဖြစ်သည် နှင့်အညီ စည်းကမ်းလည်း ကြီးသည် ။ တနင်္လာနေ့နှင့် သောကြာနေ့တွင် လည်ကတုံး လက်ရှည်ကို ဘဲခေါင်းစိမ်းရောင် ပုဆိုးနှင့်ဝတ်ကာ ကတ္တီပါ သို့မဟုတ် သားရေဖိနပ်ကို စီးရသည် ။ ကျောင်းသူ ဆိုလျှင်လည်း ရင်ဖုံးအင်္ကျီ လက်ရှည်နှင့် ဆံပင်ကို ဘယ်ညာနှစ်ဖက် ခွဲကာ ဖဲကြိုးအနီရောင် စည်းရသည် ။ ကျောင်းသားကတ်ကြီးကို လည်တွင် ဆွဲရ၍ မုခ်ဝဝင်သည် နှင့် တာဝန်ကျ ဆရာမများ၏ စစ်ဆေးမှုကို ဦးစွာခံရလေသည် ။

ကျောင်းဝင်းသည် နှစ်ခြမ်းကွဲနေပြီး အလယ်တွင် ကားလမ်းမကြီးက ခြားထားသည် ။ မြစိမ်းဆောင်၊ နီလာဆောင်နှင့် ပတ္တမြားဆောင်တို့က တစ်ဖက်၊ သိင်္ဂီဆောင်နှင့် ပုလဲဆောင်(လက်တွေ့ဆောင်)တို့ က တစ်ဖက်ဖြစ်သည် ။ မြစိမ်းဆောင်တွင် အထက်တန်းများ တက်ရောက်ရပြီး ကျန်အဆောင်များ တွင် မူလတန်းနှင့် အလယ်တန်းကို ထားသည် ။ ပင်မဆောင် ဖြစ်သည့်အလျောက် မြစိမ်းဆောင်သည် လေးထပ်ရှိကာ ကြီးမား ကျယ်ပြန့်၍ လမ်းမကြီးဘေးတွင် ထီးထီးကြီး ရှိလေသည် ။

ဖယ်ရီ ရပ်သည့်နေရာမှ ထိုမြစိမ်းဆောင် ရှေ့ရှိ ပင်မမုခ်ဦးဝကို သွားရန် အလယ်တွင် မုခ်ဝတစ်ခုကို ဖြတ်ရသည် ။ ferry ကားများ သည် ပင်မမုခ်ဝရှေ့တွင် ရပ်ခွင့်မရှိ သောကြောင့် တစ်မျှော်တစ်ခေါ် လမ်းလျှောက် ရသေး၏။ ထို့နည်းတူ ကျောင်းသားစီး ဆိုင်ကယ်များ သည် လည်း ပင်မမုခ်ဝမှ ဖြတ်သန်းခွင့် မရှိဘဲ အလယ်မုခ်ဝမှ တစ်ဆင့် ဝင်ကာ ပင်မဆောင်သို့ သွားရပေသည် ။

အလယ်ရှိ မုခ်ဝကို ဖြတ်မည်အပြု ဝီခနဲ မောင်းလာသော ဆိုင်ကယ် တစ်စီးက ရှေ့မှာ ဖြတ်ဝင် လာ၍ စလှမ်းထားသော ခြေလှမ်းကို မနည်း အားသတ် လိုက်ရ၏။ ဒေါသလေးက မာန်ထောင်လာ သလို စိတ်ထဲကျိ န်ဆဲ မိရင်း မောင်းလာသူကို ကြည့်လိုက်သည် ။

ကျောကိုသာ မြင်ရပေမဲ့ ဆိုင်ကယ်မောင်းပုံ မူဟန်ကိုကြည့်၍ အားစို က်စရာ မလိုဘဲ သာကျော်ဖုန်းမှန်း အတတ်သိ လိုက်သည် ။ သူဆိုင်က ယ် မောင်းပုံကတစ်မျိုး။ ထိုင်ခုံအဖျားကို တင်တစ်ဝက်သာ တင်၍ ရှေ့ငို က်ငိုက်လေး ထိုင်ပြီး တံတောင်နှစ်ဖက်ကို ကိုယ်နှင့်ကပ်ကာ လက်ကိုင် ကို ကားကားလေး ကိုင်သည် ။ ခြေထောက်ကိုလည်း ထို့နည်းတူဟန် ဒူး ကို ဒူးကာအတွင်း စေ့ကပ်ကာ ခြေတင်ပေါ်သို့ ခြေသလုံးကို ဘဲခြေထော က်နှယ် ကားကာတင်၍ မောင်းခြင်းမျိုး ဖြစ်သည် ။

သာကျော်ဖုန်းက ခေါင်းကိုမော့ကာ မောင်းနှင်ရင်း လက်ပြကာ ကျွ န်တော့်ကို နှုတ်ဆက် သွားသေးသည် ။ သို့သော်လည်း ကျွန်တော်က နှု တ်ဆက်သည် ဟု မထင် လှောင်သွားသည် ဟူ၍ သာ ထင်မိ၏။

"သေနာကောင် သာကျော်ဖုန်း"

အသံထွက်သည် အထိ ကျိန်ဆဲလိုက်ပြီး ကိုယ့်လမ်းကို ကိုယ်ပြန်ဆ က်လျှောက် လာခဲ့သည် ။ မုခ်ဝဝင်သည် နှင့် တာဝန်ဟူသော လက်ပတ် အနီရောင်ကြီးကို ပတ်ထားသော တာဝန်ကျ ဆရာမများ နှင့် ဦးစွာတွေ့ ရသည့် အခါ လက်ညှိုးကို နှုတ်ခမ်းတွင် တေ့၍ "မင်္ဂလာပါဆရာမ" ဟု ပျူငှာစွာ နှုတ်ဆက်ပြီး ဆင်ဝင်အောက်ထဲ ခပ်သွက်သွက် လှမ်းလျှောက် ရင်း လှေကားထစ်များ ပေါ်သို့ ပြေးတက် လာခဲ့သည် ။

ခါတိုင်းဆို ကိုယ့်အတွေးနှင့်ကိုယ် တစ်ခုခု တွေးတောရင်း စာသင်ခ န်းထဲ လှမ်းဝင် ဖြစ်လိမ့်မည်။ ဒီနေ့မှ ကျွန်တော်တို့ အခန်းရှေ့ရှိ

သာကျော်ဖုန်းတို့ ဆီ အခန်းကို အနည်းငယ် စူးစိုက်ကာ ကြည့်လိုက်မိသေးသည် ။ တကယ်တော့ ကျွန်တော်နှင့် စာသင်ဖော် အခန်းကို အကဲခတ် ကြည့်မိယုံသာ ကြည့်မိခြင်း ဖြစ်၏။ အတွေးထဲလည်း ဒီထက်မပို၊ ဒီထက်ဂရုတစိုက် မရှိခဲ့။

ပြတင်းမှန်များမှ တစ်ဆင့် အခန်းထဲ သူရှိမလားဟု စူးစမ်း၏။ သို့သော် သာကျော်ဖုန်း၏ အရိပ်အယောင်ကိုပင် ကျွန်တော် မတွေ့ရ။ တစ်လှမ်းချင်း လှမ်းရင်း တံခါးဝရှေ့သို့ ရောက်လာခဲ့သည် ။

ကျွန်တော့် ရှေ့တည့်တည့်ရှိ စာသင်ခန်းအဆုံး တစ်ဖက် လှေကားအရင်းတွင် သာကျော်ဖုန်း၏ ခပ်စူးစူး အသံများကို ကျွန်တော် ကြားလိုက်ရ၏။

ဒီလိုအချိန်ဆို သာကျော်ဖုန်းတို့ အဖွဲ့က လှေကား လက်ရန်းတွင် အစီအရီ ရပ်နေကြပြီး အောက်ထပ်မှ တက်လာသော ကိုးတန်း ကောင်မလေးများကို မျက်စိအစာကျွေး နေကြမည်။ အရင်က ကျွန်တော့်အတွက် အထူးအဆန်း မဟုတ်သလို ယခုမူ ထိုမြင်ကွင်းမျိုးသည် ကျွန်တော့်ကို မျက်စိကျိန်းစေ၏။ ထိုကဲ့သို့ မျက်နှာရူးမျိုးနှင့် ကျွန်တော် မခင်မင်လို။

ဖြစ်ချင်တော့ ကျွန်တော် အခန်းအတွင်း ဝင်မည်အလုပ် နောက်လှည့်လာသော သာကျော်ဖုန်းက တွေ့သွား၏။

"ရှုပိုင်ဦး"

ခပ်ပြတ်ပြတ် ခေါ်လာသော သူ့အသံ အဆုံးတွင် ကျွန်တော့် ခြေလှမ်းများကလည်း ရပ်တန့်သွား၏။ ပြီးနောက် ဖြည်းဖြည်းချင်း သူ့ဘက်ကို လှည့်လိုက်သည် ။ မလှုပ်မယှက် ရပ်နေရင်း သူ့ကို မမှိတ်မသုန် ကြည့်သည် ။ သူကလည်း ဝေမှုန်မှုန် ကြည့်ရင်း ကျွန်တော့်ဘက်သို့ လျှောက်လာ၏။

"ငါ့အကြောင်းတွေ ဆရာမကို ပြန်တိုင်ရင် မင်းနာမယ်နော်"

အာဏာရှင်ဆန်ဆန် သူ့အမိန့်ကို ကျွန်တော်က မချိုးဖြင့် တုံ့ပြန်လိုက်သည် ။

"ငါ အဲဒီလောက်ထိ သူများကိစ္စကို စိတ်ဝင်စားဖို့ မအားဘူးငသာ"

"ဒါဆိုလည်း ပြီးတာပဲ"

ပြောပြောဆိုဆိုဖြင့် သာကျော်ဖုန်းက အနောက်သို့ ပြန်လှည့်ကာ လာရာလမ်းအတိုင်း ပြန်သွားသလို ကျွန်တော်သည် လည်း အခန်းအတွင်း ပြန်ဝင်လာခဲ့သည် ။

မနက်စောစောစီးစီး သာကျော်ဖုန်းကြောင့် စိတ်က သိပ်မကြည်ချင်။ သူ့အုပ်ထိန်းမှု အောက်မှာ နေသူတစ်ဦးလို အမိန့် လာပေးသည် ကို သိပ်ဘဝင်မကျ။ ဆောင့်အောင့်ကာ ခုံတန်းတွင် ထိုင်လိုက်ပြီး မဲစာရင်းစာအုပ်ကို ထုတ်လိုက်သည် ။ ပြီးနောက် ခုံတစ်တန်းတည်း ထိုင်သော ဘေးရှိ ဇေယျာညွန့်ကို လက်ဝါးဖြန့်ကာ ...

"ညွန့်ညွန့် ဒီနေ့မဲဖိုးပေး မင်းမပေးတာ နှစ်ရက်ရှိပြီနော် ဒီနေ့အတွက်ပါဆို ၆၀၀ပေး ဒီသောကြာဆို ပန်းအိုးဖြူ မဲထုတ်တော့မှာ ငါဆိုက်စရာ မရှိဘူး"

ကျောင်းတွင် အပျော်သဘော ဖြစ်ရော ပိုက်ဆံစုသည့် သဘောနှင့် မဲစုသည့် ထုံးစံရှိသည် ။ ၆ယောက်တစ်ဖွဲ့ ၅ယောက်တစ်ဖွဲ့ စုကြကာ တစ်ရက်နှစ်ရာဖြင့် နှစ်ပတ်တစ်ခါ ထုတ်ကြလေသည် ။

ကျွန်တော့် အပြောကို ဇေယျာညွန့်က မျက်နှာလို မျက်နှာရ ပြုံးကာဖြင့်

"ပေးမှာ ပါဟ မင်းကလည်း သောကြာနေ့ ငါအကုန်ပေးမယ် ဟုတ်ပြီလား ..."

"အေးပြီးတာပဲ သောကြာနေ့ မရရင် ငါဆရာမနဲ့ တိုင်မှာ "

ညွန့်ညွန့်အား ကြောက်လောက်အောင် ခြိမ်းခြောက် ပြီးသည့်နောက်

တစ်ဖက်ရှိ မိန်းကလေးများ ထိုင်သည့်အခြမ်းမှ အုပ်စုဖွဲ့ အတင်းပြော နေသည့် ခေါင်းဆောင် အေးအေးအောင်ကို မဲဖိုးပေးရန် စကားစရသည် ။ သူမက အတင်း ပြောရလျှင် ထမင်းမေ့ ဟင်းမေ့မို့ ကျွန်တော် ရောက်နေသည် ကိုပင် သတိပြုမိမည် မဟုတ်။

"အေးအောင် မဲဖိုးပေး"

ကျွန်တော့် အသံသည် အတော် ကျယ်သွားသည် ထင်၏။ အေးအေးအောင်က ပြောနေသော စကားကိုဖြတ်ကာ ကျွန်တော့်ဘက်သို့ ဘုကြည့်ကြည့်ရင်း လှည့်လာသည် ။

"ပေးမှာ ပေ့ါဟဲ့ ... အော်ကြီးဟစ်ကျယ် တောင်းစရာ မလိုပါဘူး"

"အော်ကြီးဟစ်ကျယ် မတောင်းရင် နင်က ကြားမှာ ကျလို့ ပေးမြန်မြန်"

ကမ်းပေးသော ပိုက်ဆံနှစ်ရာကို ဖျတ်ခနဲ ဆွဲယူရင်း ဇယားအတွင်း အေးအေးအောင် နာမည်ဘေး၌ ဂေါက်ခြစ်လိုက်သည် ။ အေးအေးအောင်ကလည်း တစ်ဖက်သို့ ပြန်လှည့်သွားကာ အတင်းဝိုင်းကို ပြန်ကာစ၏။

"အီးခန်းက ရက်ပီတာ အစ်မကြီးက သာကျော်ဖုန်းကို ကြိုက်နေတာ တစ်နေ့တစ်မျိုး မရိုးနိုင်အောင် အသီးမျိုးစုံ ပေးတာနော် ဟိုကောင်ကလည်း ဘဝင်လေဟပ် နေတာ မယူဘူးဟဲ့"

တစ်စွန်းတစ်စ ကြားလိုက်သော အေးအေးအောင်၏ စကားတွင် သာကျော်ဖုန်းအမည် ပါလာသောကြောင့် အနည်းငယ် စိတ်ဝင်စားမိသွားသည် ။ နားစိုက်ထောင်ရင်း မဲစာရင်းစာအုပ်ကို အသာအယာ ပိတ်လိုက်သည် ။ သူတို့ ပြောနေသည် က မျက်နှာချင်းဆိုင် စီခန်းမှ ကျောင်းသား အားလုံးနီးပါး အကြောင်း ဖြစ်၏။ ထိုအထဲမှာ မှ သာကျော်ဖုန်းအကြောင်း ပါလာခြင်း ဖြစ်သည် ။

"အဲဒီလို ဂျစ်တီးဂျစ်ကန်နဲ့ ဆိုးသွမ်းတဲ့ သူကြီးကို ဘာကိုကြည့် ကြိုက်လဲမသိ ငါတော့ မကြိုက်ပါဘူး ပုံစံကိုက ပေမဓိဒေါက်မဓိ အရပ်ထပ်ဆိုက်ကပိုမြင့်နေတယ် ဘယ်လို ပြောရမလဲ ဆိုက်ပိနေတာပေါ့ ခစ်ခစ်"

အေးအေးအောင် ဘေးရှိ ဖြိုးသန္တာက သူပြောသည့်စကားကို သူ့ဘာသာ သဘောကျကာ ခိုးခိုးခစ်ခစ် ရယ်လိုက်သေးသည် ။ သူများကိုသာ ပြောနေသည် သူမကိုလည်း ဘယ်ကောင်လေးမှ ကြိုက်မည့်ပုံ မဟုတ်။ ခန္ဓာကိုယ်က တုတ်တုတ်ခိုင်ခိုင်နှင့် ကျားကိုးစီး စားမကုန်သည့်နှယ်။ ခပ်ပိန်ပိန် ကောင်လေး တစ်ယောက်ကိုတော့ သူမအသာလေး ကိုင်ပေါက်နိုင်သည် ။ တစ်ခါက အတန်းထဲတွင် အပိညှပ်ဆုံး အောင်ကျော်နှင့် ရန်ဖြစ်ပြီး ကုပ်က ကိုင်မြှောက်ထားတာ အောင်ကျော့်ခမျာ ယက်ကန်ကန် နေရသည့်အဖြစ်မျိုး ကြုံလေ၏။

"ငါကတော့ သဘောကျပါတယ် အဲဒီလို ခပ်ဆိုးဆိုး ဂျစ်တိုက်တဲ့ ယောကျ်ားလေးတွေက လိမ္မာသူတွေထက် ပိုချစ်ဖို့ ကောင်းတာဟ အဲဒါက အထရက်ရှင် တစ်ခုလို ဖြစ်နေတာ"

"အဲဒါဆို အက်ဖ်ခန်းက စည်သူမောင်ကို ကြိုက်ပါလား"

ဂျစ်တိုက်တိုက် ခပ်ဆိုးဆိုး ကောင်လေးတွေကို သဘောတကျ ပြောနေသော ဇာခြည်ဦးကို အေးအေးအောင်က ဝင်ထောက်လိုက်ခြင်း ဖြစ်

သည် ။ ဇာခြည်ဦးက မျက်လုံးပြူး မျက်ဆန်ပြူး တစ်ချက် ဖြစ်ပြီးနောက် အေးအေးအောင်ကို မျက်စောင်းလေး ခဲကာ ...

"ဟဲ့ သူက ဂျစ်တိုက်တဲ့ အဆင့် မဟုတ်ဘူး ဂျလေဘီဖြစ်နေပြီး ဆယ်တန်းတောင် ဒီလောက် ပျက်စီးနေရင် တက္ကသိုလ် ရောက်ရင်တော့လားလမ်းဘေး ရောက်မဲ့ကောင်။ သာကျော်ဖုန်းနဲ့ သူက အသွင်အပြင် မတူဘူးလေ သာကျော်ဖုန်းရဲ့ အကြည့်က အရမ်း စူးရှတယ်"

ဇာခြည်ဦး အပြောကြောင့် ကျွန်တော်ဟစ်ခနဲ အသံထွက်အောင် လှောင်ပြုံးမိ သွားသည် ။ ကျွန်တော့် အမြင်တွင် တော့ သူ့အကြည့်သည် ဘာမှ ထူးခြားမှုမရှိ သာမန်ပင်။ ယောကျ်ားလေးနှင့် မိန်းကလေး သဘောထားချင်း မတူသည် လည်း ဖြစ်နိုင်၏။ ကျွန်တော့် အမြင်တွင် ခပ်ရိုးရိုး ဖြစ်ပေမဲ့ မိန်းကလေးများ အမြင်တွင် တော့ ဆန်းချင်ဆန်း နိုင်လိမ့်မည်။ အတွေးကို ခဏဖျောက်ကာ သူတို့ စကားဝိုင်းကို ပြန်နားစိုက်ထောင်လိုက်၏။

"နင်က ဘယ်လို သိသွားတာလဲ"

"တော်တော်များများ ပြောကြတာလေ ... ။ အခု သူကဘယ်သူနဲ့ တွဲနေတာလဲ"

ဇာခြည် အမေးကို အေးအေးအောင်က မျက်နှာကြီး ရှုံ့မဲ့ပြီးမှ ဖြေ၏။

"ကျောင်းဖွင့်တာ လေးလပဲ ရှိသေးတယ် သူက ရည်းစားနှစ်ယောက် ပြောင်းသွားပြီ ခုတွဲနေတာ ကိုးတန်းဘီခန်းက ဆွေဇင်နွယ်တဲ့ "

ဆွေဇင်နွယ် ... ထိုအမည်ကို စိတ်ထဲအလိုလို ရေရွတ်မိသားဖြစ်သွားပြီး စွဲမှတ်သွား၏။ သာကျော်ဖုန်း ပွေသည် ကို ကျွန်တော်က ထူးထူးခြားခြား မဖြစ်။ သူလို လူတစ်ယောက်က ရည်းစားပွေသည် က

ကြားဖူးနားဝ ရှိသော စကားတစ်မျိုးပင်။ ထိုအတွက် ထူးဆန်းအံ့ဩမှု အလျှင်းမရှိခဲ့။

သူတို့ စကားဝိုင်းကို တကူးတက နားစိုက်ထောင် နေသော်လည်း ကျောင်းတက်ချိန် နီး၍ အခန်းဖော်များ တဖွဲဖွဲဝင်ရောက်လာသောကြောင့် ဆူညံသံတွေနှင့် ကြားတစ်ချက် မကြားတစ်ချက် အာရုံပျံ့လွင့် လာပေ၏။ သာကျော်ဖုန်း အကြောင်းမှ တခြားသူ အကြောင်းများ ရောပါလာ၍ စိတ်ဝင်စားစရာ မကောင်းသောကြောင့်လည်း ဖြစ်နိုင်သည် ။

***

ထိုသို့နှင့် တစ်နေ့တာကို ပုံမှန်အတိုင်း ကုန်ဆုံး လာခဲ့ပြန်သည် ။

ဂိုက်ဆရာမကို အိမ်ခေါ်သင်ပြီး စက်ရှင် တစ်ခုချင်း ထပ်တက်သောကြောင့် ကျွန်တော့်အတွက် အနားယူချိန်သည် သိပ်မရှိလှ။

ဓာတုဗေဒက တစ်ပတ် လေးရက်ဖြင့် စနေ၊ တနင်္ဂနွေ ညနေလေးနာရီမှ ခြောက်နာရီ၊ တနင်္လာ၊ အင်္ဂါ မနက်ဖြနာရီမှ ၈နာရီ။ ရူပဗေဒ ကျူရှင်က တနင်္လာ၊ အင်္ဂါ ညနေလေးနာရီမှ ခြောက်နာရီ၊ ဗုဒ္ဓဟူး၊ ကြာသပတေးက မနက်ဖြနာရီမှ ၈နာရီ ဖြစ်သည် ။

ဒီနေ့က ဗုဒ္ဓဟူးဖြစ်၍ ညနေ ကျောင်းဆင်းချိန်တွင် အိမ်ပြန်ရေမိုးချိုးကာ ရူပဗေဒ ကျူရှင်သို့ သွားရသည် ။ ညဖြနာရီ အိမ်ပြန်ရောက်ချိန်တွင် ထမင်းစားပြီး အမ်ပီသရီးဖြင့် သီချင်းလေး နားထောင်ရင်း

ဂိုက်ဆရာမနှင့် အနီကောင် သာကျော်ဖုန်း အလာကို စောင့်နေလိုက်သည် ။

ဖြနာရီခွဲဖို့ ငါးမိနစ် အလိုတွင် မေမေက ကော်ဖီနှင့်မုန့် လာချပေးကာ ဆရာမ လာတော့မည်ဖြစ်၍ သီချင်းဆက် နားမထောင်ရန် သတိပေးသောကြောင့် အမ်ပီသရီး နားကြပ်ကိုဖြုတ်ပြီး လွယ်အိတ်ထဲ ပြန်ထည့်ထား လိုက်သည် ။

ခဏအကြာ ဆိုင်ကယ်သံကို ကြားရပြီးနောက် ရင်ဘတ်ကို ဖိကာဝင်လာသော ဆရာမကို အရင်မြင်ရ၏။

"ဘုရား ဘုရား လိပ်ပြာလွင့် မတတ်ပဲ "

အိမ်တံခါးဝ၌ ဆရာမက ရင်ဘတ်ကို ဖိကာ ဘုရားတနေပေ၏။ သာကျော်ဖုန်း ကတော့ အပိုးမကျိုးသည့် မျက်နှာပေးဖြင့် ရယ်ပြုံးပြုံးရင်း ဆရာမကိုကျော်ကာ ဝင်လာသည် ။

"သောရယ် ဘယ်လိုတွေများ မောင်းလိုက်တာလဲ"

"တီချယ်ကလည်း ဒါတောင် အရှိန်အများကြီး ထိန်းထားတာ တီချယ်ပါနေလို့ "

"ဘာပြောတယ်"

ဆရာမက ပြောပြောဆိုဆိုဖြင့် နေရာတွင် ဝင်ထိုင်ပြီး သာကျော်ဖုန်း၏ လက်မောင်းကို ဖျတ်ခနဲ မြည်အောင် ရိုက်လိုက်သည် ။ ပြီးနောက် ကျွန်တော့်ဘက် လှည့်ကာ ...

"ရှုပိုင်လည်း သူ့အတု မခိုးနဲ့ နော်"

"မခိုးပါဘူး ဆရာမ သားက လိမ္မာပါတယ် တချို့သူတွေဆို

ယဉ်ကျေးမှု မရှိဘူး လမ်းဖြတ်လမ်းကူး မြင်လျက်နဲ့ ဗွတ်တွေ မောင်းကြတာ တိုက်မိလို့ သေသွားရင် အသက်အစား ပေးနိုင်တာလည်း မဟုတ်"

အကွက်ထဲ ဝင်လာသည် နှင့် ကျွန်တော်လည်း သာကျော်ဖုန်းကို ထိုးနှက် ပြောချလိုက်သည် ။ သာကျော်ဖုန်းက မကျေနပ်သည့် သဘောဖြင့် မျက်မှောင်ကို ကြုတ်လျက် ...

"ကျွန်တော်က နည်းနည်းဆိုးတာပဲ ရှိတာနော် ... သူများ တွေလိုတော့ စာသင်ခန်းထဲထိ လောင်းကစားလုပ်ပြီး ချဲမရောင်းဘူး"

သူဘယ်သူ့ကို ရည်ရွယ်ပြီး ပြောမှန်းမသိ။ ကျောင်းမှာ တကယ်ပဲ ထိုကဲ့သို့ လောင်းကစား လုပ်သူရှိလို့ လား။ သေချာ စဉ်းစားသော်လည်း အတွေးကမပေါ်။

"သောက ပေါက်ပေါက်ရှာရှာ ပြောပြန်ပြီနော်"

ဆရာမက ဝင်ဟန့်သော်လည်း သာကျော်ဖုန်းက စကားအသော မသတ် ဆက်ကာပြော၏။

"တကယ်ပါ တီချယ် ဆရာမရှေ့က လိမ္မာပါတယ်ဆိုတဲ့ လူကိုယ်တိုင် လုပ်နေတာ"

"ဘာ ..."

အံ့သြမှုများကြောင့် ကျွန်တော် မျက်လုံးပြူး သွားရ၏။ ချဲဆို ဘယ်လောက်ထိုး၍ ဘယ်လောက် ရမှန်းတောင် နကန်းတစ်လုံးမှ မသိသည့် ကျွန်တော့်ကို သာကျော်ဖုန်းက ဘာကြောင့်စွပ်စွဲ ပြောဆိုရသနည်း။

"ငါက ဘာချဲထိုး ရမှာ လဲ"

"မင်းမလိမ်နဲ့ ငါကိုယ်တိုင် ဒီနေ့မင်းကို တွေ့ခဲ့တာ အေးအေးအောင်

တို့ မင်းဆီ ချဲထိုးနေတာလေ"

"ဘာရယ် အဲဒါမဲစုလို့ မဲဖိုးတောင်းနေတာ ဘုမသိဘမသိနဲ့ ငါ့ကို လာစော်ကား နေတယ်"

အမှန်ကို ပြောလိုက်သော်လည်း သာကျော်ဖုန်းက မကျေမနပ်ဖြစ် အပြစ်ဖြစ်အောင် စကားကို အဖျားခတ် ပြောလိုက်သေးသည် ။

"အများ အမြင်မှာ ချဲထိုးနေသလို ဖြစ်နေတော့ ချဲထိုးတယ်ပဲ မြင်မှာ ပေါ့"

"အောင်မာ ..."

ပြောပြောဆိုဆို ကျွန်တော်က အောက်နှုတ်ခမ်းကို ဖိကာကိုက် လိုက်တော့ ဆရာမက ကြားဝင်ကာ ဖျန်ဖြေပေး၏။

"ကဲကဲ တော်ကြတော့ နှစ်ယောက်အတူ စာသင်တာ အစပဲ ရှိသေးတယ် ရန်မဖြစ်ကြနဲ့ နော် သချ်ာ အထူးထုတ် ထုတ်ကြ"

တစ်ယောက်နှင့် တစ်ယောက် မကျေမနပ် ဖြစ်ကာ မာန်ဆောင်ရင်း စာအုပ်ကိုပြိုင်တူ ထုတ်လိုက်ကြသည် ။

သူနှင့်ဘယ်လို ရှေ့ဆက်ရမည်ကို ကျွန်တော်စဉ်းစား၍ မရတော့။ ဒီလို ဒီပုံနှင့် ကျွန်တော့်စိတ်က ကီးကိုက်လိမ့်မည် မဟုတ်။ ဥပေက္ခာပြုရပြန်လျှင်လည်း အိမ်ရှင်မပီသရာ ကျဦးမည်။ အလိုက်အထိုက် နေဖို့ ကလည်း စိတ်နေ သဘောထားချင်းက မတူ။

နောက်ဆုံးတော့ ဘာဖြစ်ဖြစ် ပြုံးနေလိုက်မည် ဟု သာ ဆုံးဖြတ်လိုက်ရ၏။ သူ့အတွက်နဲ့ စိတ်အနှောင့်အယှက် ဖြစ်ကာ ဆယ်တန်း အမှတ်ကောင်းကောင်း နှင့် ရေကြောင်းသိပ္ပံ တက်မည့် ရည်ရွယ်ချက်ကိုတော့ ကျွန်တော် အဆုံးရှုံးမခံနိုင်။

ကပေါက်တိကပေါက်ချာ တွေ့ဆုံမှုအစသည် ခိုင်မြဲသော သံယောဇဉ် တစ်ခုကို အစပျိုး နိုင်လာအောင် ဘယ်တန်ခိုးရှင်က ဖန်ဆင်းပေးလာပါလိမ့်နော်။ ထိုကဲ့သို့ ဂျစ်တီးဂျစ်ကန် ဆိုက်ဂိုက်ပိနေသည့် ဂင်တိုတို ကောင်လေးကို ကျွန်တော့်ရင်ထဲ အသည်းထဲမှ အပြစ်သား တစ်ယောက်လို မချေမငံ ဖြစ်နေရင်းမှ တမ်းတမ်းစွဲ မက်မောလာသည် ဆို လူအများက ရယ်ကြလိမ့်မည် ထင်သည် ။

***